ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေးသို့ တင်သွင်းသည့် ဖက်ဒရယ်ရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းစေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် အားလုံးပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်သွားရန် ၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက် (၄) ရပ်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယင်း နိုင်ငံရေးရည်မှန်းချက်အရ ဒီမိုကရေစီအပြည့်အဝရရှိရန်အတွက် အဟန့်အတားဖြစ်နေသည့် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့နောက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းရင်းသားအင်အားစုများ စုံလင်စွာပါဝင်သည့် အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းမှုအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် အတည်ပြုတာဝန် ပေးအပ်ခဲ့ပါသည်။ သက်ဆိုင်ရာတော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့်လူထုနည်းစုများက ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြိုးပမ်းသွားကြမှသာ ကာလရှည်ကြာ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်နှင့် တစ်နိုင်ငံလုံး၌ ထာဝရငြိမ်းချမ်းရေးရရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီအနေဖြင့် အားလုံးပါဝင်နိုင်သည့်

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် လက်ရှိမဟာမိတ်အင်အားစုများနှင့် လက်တွဲဆောင်ရွက်နေသကဲ့သို့ ကျန်ရှိနေသေးသည့် တော်လှန်ရေး၊ နိုင်ငံရေးအင်အားစုများနှင့် ဆွေးနွေးအဖြေရှာနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီဖွဲ့စည်းထားရှိမှု

၃။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ဒီမိုကရေစီပြည့်ဝသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေးအတွက် ဖက်ဒရယ်ဆိုင်ရာလုပ်ငန်းစဉ်များနှင့် မူဝါဒများကို လေ့လာပြင်ဆင်နိုင်ရန် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဖက်ဒရယ်ရေးရာကော်မတီကို ၂၆-၄-၂၀၂၁ ရက်နေ့တွင် ရွေးကောက်ခံပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီတွင် နိုင်ငံရေးပါတီအသီးသီးမှ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးရှိ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ပေါင်းစုံဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

ရည်ရွယ်ချက်

၄။ ကော်မတီသည် အနာဂတ်ဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်လာမည့် ဥပဒေပြုသူများအနေဖြင့် ဖက်ဒရယ်ဆိုင်ရာ ဥပဒေ၊ မူဘောင်များကို လေ့လာသုံးသပ်နိုင်ရန်၊ ဖက်ဒရယ်စနစ်၏ အနှစ်သာရနှင့် အခွင့်အရေးများကို ပြည်သူလူထု ကိုယ်တိုင်သိမြင်နားလည်မှု မြင့်တင်သွားရန်နှင့် လိုအပ်သည့်မူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ပညာရှင်များအားဖိတ်ခေါ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ထို့ပြင် ပြည်သူများအား ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီဆိုင်ရာ အခြေခံအသိပညာ ဗဟုသုတများပေး၍ ဖက်ဒရယ်စကားဝိုင်းများအထိ ဆွဲခေါ်ပြီး ၎င်းတို့၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို ဖော်ထုတ် သိရှိသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

အကောင်အထည်ဖော်ထားရှိမှု

၅။ ဖက်ဒရယ်ရေးရာကော်မတီသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ အစောဆုံးသက်ဝင်လှုပ်ရှားသည့် အမြဲတမ်းကော်မတီများထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး လုပ်ငန်းလမ်းညွှန် (TOR) နှင့် လိုက်နာရမည့်ကျင့်ဝတ် (COC) များ ရေးဆွဲအတည်ပြု၍ ကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်း ဟန်ချက်ညီညီ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲ ဆိုင်ရာကိစ္စရပ်များ၊ ဖက်ဒရယ်တပ်မတော်နှင့်အနာဂတ်လုံခြုံရေးဆိုင်ရာအစီအမံများ၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ အသွင်ကူးပြောင်းရေး ကာလဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

၆။ ဖက်ဒရယ်ရေးရာကော်မတီသည် ဖက်ဒရယ်စနစ်ကို အတူလက်တွဲ ဖော်ဆောင်မည့် ပြည်သူ့ဘက်တော်သား ဒီမိုကရေစီမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ထားရှိပြီး ဆက်လက် ဖော်ဆောင်မည့်လုပ်ငန်းစဉ်များ ချမှတ်ထားပြီး ဖြစ်ပါသည်။

ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ

၇။ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွက် ဖက်ဒရယ်ဝါဒ၏ အကောင်းဆုံး အလေ့အထများနှင့်စပ်လျဉ်း၍ အသိပညာများအား သုတေသနပြုလုပ်ဆည်းပူးရန်နှင့် ထိုအသိပညာများအား ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ရေးရာကော်မတီဝင်များ၊ အလွှာအသီးသီးမှ ကိုယ်စားလှယ်များနှင့် အရပ်ဖက်လူထုသို့ သိရှိစေရန် နည်းလမ်းများစွာဖြင့် ဆောင်ရွက်လျက်ရှိပြီး ဖက်ဒရယ်အခြေခံသဘောတရားများ၊ အလေ့အထများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှုများအား လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးရေး မိတ်ဖက်အဖွဲ့များဖြစ်သည့် International Institute for Democracy and Electoral Assistance (International IDEA)၊ National Democratic Institute (NDI)၊ Strengthening Federalism and Inclusive Governance (SFIG) စသည့်တို့၏ ကူညီပံ့ပိုးမှုများဖြင့် စဉ်ဆက်မပြတ် အတူလက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

၈။ ဖက်ဒရယ်ရေးရာကော်မတီအနေဖြင့် ထိုကဲ့သို့ စွမ်းရည်ဖွံ့ဖြိုးမှုသင်တန်းများကို ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် တူညီသော ဖက်ဒရယ်အသိပညာများကို ရရှိစေရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းချိတ်ဆက်၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြား ဝေမျှပေးလျက်ရှိပါသည်။

စစ်ကောင်စီ၏ ၂၀၂၃ ရွေးကောက်ပွဲအား တရားဝင်မှုမရှိစေရေး ဆောင်ရွက်ချက်

၉။ ဖက်ဒရယ်ရေးရာကော်မတီအနေဖြင့် တရားမဝင်စစ်အုပ်စုသည် ဥပဒေမဲ့ အာဏာလုယူထားသည့် တရားမဝင်အဖွဲ့အစည်းဖြစ်ကြောင်း၊ စစ်အုပ်စုသည် ရွေးကောက်ပွဲ အပါအဝင် နိုင်ငံ၏ အရေးကိစ္စရပ်များ ဆောင်ရွက်ခွင့်ရှိသည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ ၂၀၂၃ ခုနှစ် အတွင်း ကျင်းပရန်ကြိုးပမ်းလျက်ရှိသည့် အတုအယောင် ရွေးကောက်ပွဲသည် နိုင်ငံတကာဖိအားမှ ထွက်ပေါက်အဖြစ် ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့်ပဋိပက္ခအား ပိုမိုကြီးထွားစေမည် ဖြစ်ကြောင်းကို အများပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုသိရှိ၍ အကြမ်းဖက်စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ဒီမိုကရေစီနည်းကျ ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ

၁၀။ နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသား၊ လူမျိုးပေါင်းစုံပါဝင်နိုင်မည့် အနာဂတ် ဖက်ဒရယ်နိုင်ငံတည်ဆောက်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ကြားကာလဖွဲ့စည်းပုံနှင့်ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံများတွင် ပါဝင်သင့်သည့် အကြောင်းအရာများ၊ ဖက်ဒရယ်စနစ်နှင့် မကိုက်ညီသည့်ဥပဒေများ၊ လိုအပ်လာမည့်ဥပဒေ၊ မူဝါဒများကို လေ့လာသုံးသပ်၍ ဆွေးနွေးဖလှယ်နိုင်ရန် Federal Constitution Drafting Coordination (FCDC) ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ရေးရာကော်မတီများဖြစ်သည့် ဥပဒေရေးရာကော်မတီ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ရေးရာကော်မတီတို့နှင့်အတူ ဆွေးနွေးလေ့လာလျက်ရှိပါသည်။

၁၁။ ဖက်ဒရယ်ရေးရာကော်မတီဝင်များအနေဖြင့်လည်း အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် ၎င်း၏ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Joint Coordination Committee –JCC) ကော်မတီများတွင် ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များအဖြစ်ပါဝင်၍ ဖက်ဒရယ်စနစ် တည်ဆောက်သွားနိုင်ရေးနှင့် ဖက်ဒရယ်ဆိုင်ရာဆွေးနွေးမှုများကို ပူးပေါင်းလုပ်ဆောင်လျက် ရှိပါသည်။

အနာဂတ်ရည်မှန်းချက်များ

၁၂။ ဖက်ဒရယ်ရေးရာကော်မတီ၏ အဓိကမျှော်မှန်းချက်သည် မြန်မာပြည်သူအားလုံးမျှော်လင့်လျက်ရှိသည့် အာဏာရှင်စနစ်အမြစ်ပြတ်ချုပ်ငြိမ်း၍ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးဖြစ်သည်နှင့်အညီ အသွင်ကူးပြောင်းရေးကာလတွင်လည်း အားလုံးနားလည်လက်ခံသည့် ဖက်ဒရယ်မူဝါဒ၊ ဒီမိုကရေစီမူဝါဒများနှင့်အညီ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်အား ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုအားလုံးက အတူလက်တွဲဖော်ဆောင်သွားနိုင်ရန် ဖြစ်ပါသည်။

၁၃။ စစ်အာဏာရှင်စနစ်ကို အောင်မြင်စွာ ဖယ်ရှားပြီးသည့်နောက် အသွင်ကူးပြောင်းရေးကာလသို့ရောက်ရှိချိန်တွင် အသွင်ကူးပြောင်းရေးကာလ အစီအမံများအရ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို စနစ်တကျခွဲဝေကျင့်သုံးဆောင်ရွက်သွားရန်နှင့် စစ်အာဏာရှင်များ၏ တိုင်းရင်းသား ပြည်သူများအပေါ်တွင် ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများအတွက် ပြည်တွင်းပြည်ပ ဥပဒေများနှင့်အညီ တရားစွဲဆိုသွားပြီး ပြည်သူများအတွက် တရားမျှတမှု ပြန်လည်ရရှိစေရေးနှင့် ကျူးလွန်ထားသူများအနေဖြင့် တာဝန်ခံမှုရှိစေရေးအတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (Transitional Justice) ကို ဆက်လက် ဖြည့်ဆည်းဆောင်ရွက်ရန် ဖြစ်ပါသည်။

နိဂုံး

၁၄။ ဖက်ဒရယ်ရေးရာကော်မတီအနေဖြင့် ဒီမိုကရေစီပြည့်ဝ၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ဖက်ဒရယ်အခြေခံသဘောတရားများ၊ အလေ့အထများနှင့် အညီဖြစ်စေပြီး အထူးသဖြင့် ထိုမူဝါဒများတွင် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများအား ထင်ဟပ်မှုရှိစေရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့အတူ စည်းစည်းလုံးလုံး လက်တွဲ ဆောင်ရွက်ကာ ပြည်သူ့ရေးရာ မူဝါဒချမှတ်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မရှင်၏ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းများတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အကျိုးကိုရှေးရှု၍ ပူးပေါင်းဖော်ဆောင်သွားမည် ဖြစ်ပါသည်။